ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
၁/၁၉ ၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ညွှန်ကြားချက် ၁/၉၆
(၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

နိဒါန်း

မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၃ တွင် ဥပဒေ၏ရည်ရွယ်ချက်များကို ဖော်ပြထားရာ ပုဒ်မခွဲ (က)တွင် " နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် အရည်အချင်း ပြည့်မီသော စာရင်းပညာရှင်များတိုးပွားလာစေရန်"ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဃ) တွင် "စာရင်းကိုင်အလုပ်သင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူတို့အားကျင့်ဝတ်သိက္ခာကိုစောင့်ထိန်းစေရန်" ဟူ၍လည်းကောင်း အသီးသီး ပါရှိပါသည်။ အဆိုပါရည်ရွယ်ချက်များ ပြည့်မြောက်စေရေးနှင့် ဥပဒေအခန်း(၇)ပါ "ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန်မှတ်ပုံတင်ခြင်း " လုပ်ငန်းများပိုမိုတွင်ကျယ်စေရေးအတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်ပါသည် ။

**စာရင်းကိုင်အလုပ်သင်များ လက်ခံသင်ကြားပေးရန်ကိစ္စ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၆ နှင့် ၁၇ တို့အရ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားပြီး၊ ယင်းလုပ်ငန်းကို ၃ နှစ် တစ်ဆက်တည်းလုပ်ကိုင်ခဲ့၍ ၊ လီမိတက်ကုမ္ပဏီ ၅ ခုထက်မနည်း နှစ်စဉ်တာဝန်ယူစစ်ဆေးခဲ့သည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူကိုအလုပ်သင်ကြားပေးနိုင်သည့် စာရင်းကိုင်အဖြစ် ကောင်စီကသတ်မှတ်ပါမည်။ အလုပ်သင်ကြားပေးနိုင်သည့် စာရင်းကိုင်တစ်ဦးသည် ၁၉၉၇ ခုနှစ်မှစတင်၍ စာရင်းကိုင် အလုပ်သင်(အနည်းဆုံး)နှစ်ဦးကို နှစ်စဉ်လက်ခံသင်ကြားပေးရပါမည်။ အလုပ်သင်ကြား ပေးနိုင်သည့် စာရင်းကိုင်ထံတွင်အခကြေးငွေယူ၍ လက်ထောက်အဖြစ်ဆောင်ရွက်ပြီး၊ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူတစ်ဦးသည် လုပ်ငန်းလုပ်ကိုင်သည့်လုပ်သက် ၃ နှစ် မပြည့်စေကာမူ စာရင်းကိုင်အလုပ်သင်(အနည်းဆုံး) နှစ်ဦးကိုနှစ်စဉ်လက်ခံသင်ကြားပေးရပါမည်။ ထိုစာရင်းကိုင်အလုပ်သင်များအား ကောင်စီကသတ်မှတ်သည့် လစဉ်ထောက်ပံ့ကြေးကို ပေးရပါမည်။

၂။ လာမည့်နှစ်တွင် အလုပ်သင်ကြားပေးနိုင်သည့်စာရင်းကိုင်အဖြစ် ကောင်စီကသတ်မှတ်မည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများအမည်စာရင်းကို နှစ်စဉ်ကြိုတင်၍ ထုတ်ပြန်ကြေငြာပါမည်။ ထိုအမည်စာရင်းပါပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံစာရင်းကောင်စီရုံး နှင့်ဆက်သွယ်

၍လာမည့်နှစ်၌ မိမိလက်ခံသင်ကြားပေးမည့် စာရင်းကိုင်အလုပ်သင်ဦးရေ ကိုအတိအကျဖော်ပြပြီး စာရင်းပေးရပါမည်။

၃။ အလုပ်သင်ကြားပေးနိုင်သည့်စာရင်းကိုင်အဖြစ် ကောင်စီကသတ်မှတ်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူသည် စာရင်းကိုင်အလုပ်သင်များ လက်ခံသင်ကြားခြင်းမပြုပါက ထိုနှစ်အတွက် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ထုတ်ပေးမည်မဟုတ်ပါ။ ထုတ်ပေးပြီးဖြစ်လျှင် ယင်းလက်မှတ်ကို ပြန်လည်ရုပ်သိမ်းပါမည်။

၄။ ယခုနှစ်အထိ တစ်နှစ်လျှင်လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းသား ၁၀၀ ခန့် ကိုသာ လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။ ပုဂ္ဂလိက စီးပွားရေးကဏ္ဍဖွံ့ဖြိုးလာသည် နှင့်အမျှ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းသားဦးရေကို ယခုထက်ပိုမိုလေ့ကျင့်သင်ကြားပေးနိုင်ရန် လိုအပ်လာပါသည်။ ထို့ပြင် လုပ်ငန်းကျွမ်းကျင်တတ်မြောက်ရန် သင်တန်းသားအားလုံးသည် လက်တွေ့လုပ်ငန်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် စာရင်းကိုင်အလုပ်သင်များအား မိမိ၏ လုပ်ငန်းများတွင် လက်တွေ့သင်ကြား/တာဝန်ပေးဆောင်ရွက်စေခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် အစီအစဉ်လည်းဖြစ်ပါသည်။ သို့ပါ၍ သင်တန်းသားဦးရေ ပိုမိုလက်ခံနိုင်ရေး နှင့် လက်တွေ့အလုပ် သင်ကြားမှုပိုမိုထိရောက်စေရေး အတွက် ၁၉၉၇ ခုနှစ်မှ စတင်ပြီးအပိုဒ် ၁၊၂ ၊ ၃ တွင် ဖော်ပြသည့်အတိုင်း စီစဉ်ဆောင်ရွက်သွားပါမည်။

**ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများ**

၅။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများ၏တာဝန်များကို မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ပုဒ်မ ၁၈ တွင်အောက်ပါအတိုင်း ပြဌာန်းထားပါသည်-

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ လုပ်ငန်းများ နှင့် စပ်လျဉ်း၍အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ အမိန့်များ၊ ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ခြင်း ၊

(ဂ) မိမိအားကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာ တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း ၊

၆။ ထို့အပြင် ထိန်းသိမ်းရမည့်ကျင့်ဝတ်သိက္ခာများနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉ တွင် အောက်ပါ အတိုင်း ပြဌာန်းထားပါသည် -

(က) (မိမိ၏လုပ်ငန်းအကြောင်းအရာများကို)တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေကြော်ငြာခြင်း၊ တစ်နည်းနည်းနှင့် စာရင်းဆိုင်ရာအလုပ်ကို တောင်းယူခြင်း၊ မိမိအားငှားရမ်းဆောင်ရွက်ခြင်း ၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင်အခြေတည်၍ လုပ်ခငွေတောင်းယူခြင်း၊

(ဂ) ကောင်စီကလိုအပ်၍ တောင်းဆိုသည့်စာရင်းများနှင့်စပ်လျဉ်းသည့်အချက်များကို ပေးရန်ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာသိရှိစေသောအကြောင်းအချက်များကို အလုပ်ရှင်ခွင့်ပြုချက် မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ ထုတ်ဖော်ပြောဆိုခြင်း၊

(င) မိမိအား ပေးသည့် စာရင်းပညာဆိုင်ရာအလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သောသတိမထားရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) လက်မှတ်ရပြည်သူ့စာရင်းကိုင်မဟုတ်သူများနှင့် စာရင်း စစ်ဆေးခြင်းလုပ်ငန်းများတွင် အစုစပ်ပါဝင်ဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကိုလက်ခံခြင်း၊

(ဇ) စာရင်းစစ်များခန့်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များကို မလိုက်နာခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင် သော်လည်းကောင်း၊ အခြားတနည်းနည်းဖြင့်သော်လည်းကောင်းပုံနှိပ်ထုတ်ဝေရန်အနာဂတ်အမြတ်ငွေကိုခန့်မှန်းတွက်ချက်အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက်အရှုံးအမြတ်များကိုသီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသော နှစ်များအတွက် ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန်အတည်ပြုပေးခြင်း၊

(ည) လုပ်ငန်းရှင်ကယုံမှတ်အပ်နှံထားသည့် ငွေကြေးများကိုကိုင်တွယ် ခန့်ခွဲရပါက ယင်းငွေကြေးများကို စံနစ်တကျသုံးစွဲ ခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက်လိုအပ်သောစာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများဖွင့်လှစ်ထိန်းသိမ်းရန် ပျက်ကွက်ခြင်း။

၇။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင် သူများသည် အထက်ဖော်ပြပါတာဝန်နှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်/ရပ်တည်နိုင်ရေးအတွက် အောက်ဖော်ပြပါစည်းကမ်းများကို လိုက်နာထိမ်းသိမ်းရန်လိုအပ်ပါသည် -

(က) မိမိကိုယ်တိုင်မစစ်ဆေးခဲ့သည့် စာရင်းတစ်ရပ်တွင် စာရင်းစစ်အနေဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် အခြားစာရင်းစစ်တစ်ဦးအား မိမိကိုယ်စား လက်မှတ်ရေးထိုး စေရန် စီမံဆောင်ရွက်ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့်စာရင်းဖော်ပြချက်တစ်ရပ်ကို ပြုစုရေးဆွဲပေးခြင်း၊ မမှန်ကန်သည့်စာရင်းဖော်ပြချက်တစ်ရပ်တွင် သို့မဟုတ် ဖော်ပြချက်တစ်ရပ်အတွက် စာရင်းကိုင်/စာရင်းစစ်အနေဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် အခြားစာရင်းကိုင်/ စာရင်းစစ်တစ်ဦးမှ စာရင်းပြုစုရေးဆွဲပေးခြင်း၊ လက်မှတ်ရေးထိုးပေးခြင်းဖြစ်စေရန် စီမံဆောင်ရွက်ခြင်းမပြုရ၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီရုံးခွဲ သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားပါရှိသည့် ကုမ္ပဏီ/ လုပ်ငန်း များအနေဖြင့် လုပ်ကိုင်ခွင့်/ လုပ်ပိုင်ခွင့်မရှိသည့်စာရင်းပညာနှင့်စပ်ဆိုင်သောလုပ်ငန်းတစ်ရပ်ရပ်ကို မိမိအမည်ခံ၍ နိုင်ငံခြားအဖွဲ့အစည်း/ပုဂ္ဂိုလ်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် အမည်ခံခြင်းမပြုရ ။

**ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန်မှတ်ပုံတင်ခြင်းကိစ္စ**

၈။ ကောင်စီဥပဒေပုဒ်မ ၁၃ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ပြီးသူ နိုင်ငံသားသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံလျှင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင် ခွင့် လက်မှတ်ထုတ်ပေးရန် မြန်မာနိုင်ငံစာရင်းကောင်စီမှတ်ပုံတင်အရာရှိထံ ကောင်စီက သတ်မှတ်သည့်ပုံစံဖြင့်လျှောက်ထားရမည် -

(က) သတ်မှတ်သည့်အခကြေးငွေကိုပေးဆောင်ပြီးခြင်း ၊

(ခ) ကောင်စီဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)နှင့်(ခ)အရစုံစမ်းစစ်ဆေးနေဆဲကာလ မဟုတ်ခြင်း၊

(ဂ) ကောင်စီဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ) (၂)၊ပုဒ်မခွဲ(ဂ) (၃) နှင့် ပုဒ်မ ၂၂ တို့အရ ပြစ်ဒဏ်ချမှတ်ခံထားရသူ မဟုတ်ခြင်း ၊

၉။ အစိုးရဌာနနှင့်လုပ်ငန်း ၊ သမဝါယမအဖွဲ့အစည်း၊ နိုင်ငံတော်မှရင်းနှီးငွေထည့်ဝင်သည့် ဖက်စပ်လုပ်ငန်းတစ်ခုခုတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေသော လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ထားသူအတွက် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကိုထုတ်ပေးမည်မဟုတ်ပါ။ ထိုလက်မှတ်ရပြည်သူ့စာရင်းကိုင်တာဝန်ထမ်းဆောင်နေသည့် ဌာန ၊ အဖွဲ့အစည်း၏ လိုအပ်ချက်အရ လျှောက်ထားသည့် ကိစ္စဖြစ်ပါက ကိစ္စရပ်အလိုက် ကောင်စီ၏စိစစ်ဆုံးဖြတ်ချက်အရ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ကောင်စီသည်လိုအပ်လျှင် ယင်းလက်မှတ်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၀။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းသည် ပြက္ခဒိန်နှစ် တစ်နှစ်ဖြစ်သည်။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ရရှိပြီးသူသည် နှစ်စဉ် ပြန်လည်မှတ်ပုံတင်ရမည်။ ထိုသို့ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့်နှစ်တွင် အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိပါ -

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်သည့် အများပိုင်ကုမ္ပဏီ ၊ အများပိုင်ကုမ္ပဏီ၏ လက်အောက်ခံဖြစ်သည့် လူနည်းစုပိုင်ကုမ္ပဏီ နှင့် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့အစည်းတို့တွင် စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း ၊

(ခ) အပိုဒ်ခွဲ(က)လုပ်ငန်းတစ်ရပ်ရပ်တွင် စုံစမ်းစစ်ဆေးသူ (Inspector) အဖြစ် ဆောင်ရွက်ခြင်း -

မှတ်ချက်(၁) အထက်အပိုဒ်များပါ လုပ်ငန်းမှအပဖြစ်သောစာရင်းကိုင်ခြင်း၊ စာရင်းရေးဆွဲခြင်းနှင့်စာရင်းပညာသင်ကြားပေးခြင်း လုပ်ငန်းများကို ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်မထားသူနိုင်ငံသား စာရင်းပညာတတ်ကျွမ်းသူများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါသည် ။

(၂) နိုင်ငံသားမဟုတ်သူသည် စာရင်းပညာသင်ကြားသည့်ကျောင်းထူထောင်ဖွင့်လှစ်ခြင်းလုပ်ငန်းအပါအဝင်၊ ကောင်စီဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ) ပါ စာရင်းပညာရပ်အဓိပ္ပါယ်ဖော်ပြချက်တွင်အကျုံးဝင်သည့် စာရင်းပညာရပ်ဆိုင်ရာ လုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိပါ ။

(၃) နိုင်ငံသားမဟုတ်သူသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ခွင့်ပြုချက်အရ မြန်မာနိုင်ငံတွင် အတိုင်ပင်ခံ ဆောင်ရွက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ စာရင်းကိုင်ခြင်း ၊ စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်း ၊ စာရင်းပညာ သင်ကြားပေးခြင်းတို့နှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု များ မပါဝင်စေ ရဟူသည့် ချွင်းချက်ဖြင့်သာ ခွင့်ပြုပါသည် ။

၁၁ ။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူသည် -

(က) ပြက္ခဒိန်နှစ်အလိုက် ပြန်လည်မှတ်ပုံတင်ရန်ကောင်စီက သတ်မှတ်ထားသည့် လျှောက်လွှာဖြင့်ပြန်လည်မှတ်ပုံတင်မည့်နှစ် မတိုင်မီ ၊ နိုဝင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည် ။

(ခ) ထိုအတိုင်း အချိန်မှီမတင်နိုင်ပါက ဒီဇင်ဘာ (၁) ရက်နေ့မှဇန္နဝါရီလ (၃၁) ရက်နေ့အထိ ၂ လတွင် ကောင်စီကသတ်မှတ်ထားသည့် နောက်ကျကြေးကို ပေးသွင်းပြီးမှသာ ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားရမည် ။

(ဂ) နှစ်စဉ်ဇန္နဝါရီလ (၃၁) ရက်အထိ ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သူများသည် လုပ်ကိုင်ခွင့်ယာယီရပ်ဆိုင်းထားခြင်း(Temporary Suspension) ပြုလုပ်ခံရပါမည်။

(ဃ) လုပ်ကိုင်ခွင့်ယာယီရပ်ဆိုင်းထားခြင်း ပြုလုပ်ခံရသူသည် ရပ်ဆိုင်းကာလအလိုက် ဒဏ်ကြေးကိုကောင်စီက သတ်မှတ်ထားသည့်အတိုင်း ပေးသွင်းပြီးမှသာ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားရပါမည် ။

(င) လုပ်ကိုင်ခွင့်ယာယီရပ်ဆိုင်းထားသည့် ကာလတွင် အပိုဒ် ၁၀ ၊ (က) နှင့် (ခ) လုပ်ငန်းများကိုလုပ်ကိုင်ခွင့် မရှိ ၊

(စ) ယခုနှစ်တွင် မှတ်ပုံတင်ရန် ပျက်ကွက်ပြီး ၊ နောင်နှစ်တွင် ပြန်လည်မှတ်ပုံတင်ပါက ကောင်စီကသတ်မှတ်သည့် ဝင်ကြေး (Admission Fees) ကိုပေးသွင်းပြီးမှသာ

ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားရမည် ။

အမိန့် အရ

ပုံ/ xxx

တင်ရှိန်

အတွင်းရေးမှူး

ဖြန့် ဝေခြင်း-

- ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူအားလုံး ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
ရန်ကုန်မြို့

<u>အစိုးရ၏ အရင်းအနှီး ပါဝင်သည့် ကုမ္ပဏီ/ဖက်စပ်လုပ်ငန်းတွင်</u>
<u>မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပါပြဋ္ဌာန်းချက်နှင့်အညီစာရင်းစစ်အဖြစ် ခန့်အပ်ခြင်းခံရသည့်</u>
<u>လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအတွက် စာရင်းစစ်ချုပ်၏ညွှန်ကြားချက်</u>

အမှတ် ။ ၁/၉၈။ ရက်စွဲ ၊ ၁၉၉၈ ခုနှစ် ၊ မေလ ၂၂ ရက်

၁ ။ အစိုးရ၏ အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ/ဖက်စပ်လုပ်ငန်းတွင် စာရင်းစစ်အဖြစ်ခန့်အပ်ခြင်းခံရသည့်လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအား မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ က၊ ပုဒ်မခွဲ (၃) ပါပြဋ္ဌာန်းချက်အရ ကုမ္ပဏီ/ဖက်စပ်စာရင်းများကို အောက်ဖော်ပြပါ ညွှန်ကြားချက်များနှင့်အညီ ဖြည့်စွက်စစ်ဆေး၍ အစီရင်ခံရန် စာရင်းစစ်ချုပ်က ညွှန်ကြားပါသည် -

(က) <u>စစ်ဆေးခြင်း</u>

(၁) နှစ်ချုပ်စာရင်းစစ်ဆေးရာတွင် အရေးပါသည့် သို့မဟုတ် စာရင်းစစ်အန္တရာယ် (Audit Risk) ကြီးမားသည့် အစိတ်အပိုင်းများကို အနီးစပ်ဆုံးရွေးချယ်၍ စစ်ဆေးနိုင် စေရေးအတွက် [ယေဘုယျ အားဖြင့်] အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ် (Internal Control System) ကိုလေ့လာ ၊ စိစစ် ၊အကဲဖြတ်ရန် နှင့်ထိုသို့ အကဲဖြတ်ချက်အရ စာရင်းစစ်အန္တရာယ်ကြီးမားနိုင်သည်ဟု ယူဆရသည့်အပိုင်းများကို လိုအပ်သလိုအလေးပေးစစ်ဆေးရန် ၊

၁-၁ ။ ဝယ်ယူခြင်း နှင့် အသုံးစရိတ်ကျခံသုံးစွဲခြင်း ၊
၁-၂ ။ ရငွေများ ကောက်ခံ / လက်ခံခြင်း နှင့် ထိန်းသိမ်းခြင်း ၊
၁-၃ ။ ငွေ/ကုန်ပစ္စည်း/ပုံသေပိုင်ပစ္စည်း ကိုင်တွယ်ထိန်းသိမ်းခြင်း၊

(၂) ကုမ္ပဏီသည် နိုင်ငံတော်ပိုင်းနှင့် ချုပ်ဆိုထားသည့် သဘောတူညီမှုစာချုပ် ၊ ကန်ထရိုက် စာချုပ်တို့တွင်ပါရှိသည့် သတ်မှတ်ချက်/ကန့်သတ်ချက်များ နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ နိုင်ငံတော်ပိုင်းက ချမှတ်ပြဋ္ဌာန်းထားသည့် မူ ၊ ဥပဒေ ၊ လုပ်ထုံး

လုပ်နည်း ၊ ခွင့်ပြုမိန့် တစ်ရပ်ရပ်ကို ချိုးဖောက် ကျူးလွန်ခြင်း ရှိ မရှိ စစ်ဆေးရန် ။ (ကုမ္ပဏီတွင် ငှင်းပြုလုပ်ချုပ်ဆိုသည့် စာချုပ်များ ၊ သဘောတူညီချက်များအတွက် စာချုပ် စာတမ်း များ မှတ်ပုံတင် စာအုပ် ဖွင့်လှစ်ပြီးပြည့်စုံစွာ မှတ်တမ်းတင်ထားခြင်း ရှိမရှိ စစ်ဆေးရန်နှင့် ထိုမှတ်တမ်းမထားရှိသေးပါက ဖွင့်လှစ် ထားရှိရေးကို အကြံပြုရန် ။)

၂ ။ အသေးစိတ်အစီရင်ခံစာကို လျှို့ ဝှက်အဆင့် သတ်မှတ်ပြီး ၊ ချိတ်ပိတ်စာဖြင့် စာရင်းစစ်ချုပ်ထံသို့ တိုက်ရိုက်အစီရင်ခံ ပေးပို့ ရပါမည် ။ လိုအပ်ပါက ကြားဖြတ်အစီရင်ခံစာကို အဆိုပါနည်းလမ်းအတိုင်း စာရင်းစစ်ချုပ်ထံသို့ တိုက်ရိုက်တင်ပြရပါမည် ။

ပုံ/ XXX
သင်းသင်း
ညွှန်ကြားရေးမှူးချုပ်

ဖြန့် ဝေခြင်း -

<u>ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ထားသည့်</u>
<u>လက်မှတ်ရပြည်သူ့ စာရင်းကိုင်များ</u> ။

စာအမှတ်၊ လေ့ - ကျွမ်း / ဂျေဗွီစာရင်းစစ် / ၅ ရက်စွဲ ၊ ၁၉၉၈ ခုနှစ် ၊မေလ ၂၂ ရက်

မိတ္တူ -

၁ ။ ညွှန်ကြားရေးမှူးချုပ် စာတွဲ ။
၂ ။ ဒုတိယ ညွှန်ကြားရေးမှူးချုပ် စာတွဲ ။
၃။ ညွှန်ကြားရေးမှူးများ ၊ စာရင်းစစ်ချုပ်ရုံး ။
၄။ ဒုတိယ ညွှန်ကြားရေးမှူးများ ၊ စာရင်းစစ်ချုပ်ရုံး ။
၅။ အတွင်းရေးမှူး ၊ မြန်မာနိုင်ငံစာရင်းကောင်စီ ။
၆။ မှတ်ပုံတင်အရာရှိ ၊ မြန်မာနိုင်ငံစာရင်းကောင်စီ ။
၇။ ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ။
၈။ ရုံးလက်ခံ ။
၉။ မျှောစာတွဲ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
ရန်ကုန်မြို့

အစိုးရ၏ အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ နှင့် ဖက်စပ်များတွင် စာရင်းစစ်အဖြစ် ဆောင်ရွက်သည့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူများသိရှိ လိုက်နာရန်ညွှန်ကြားချက်

အမှတ်။ ၁/၂၀၀၁ ရက်စွဲ၊ ၂၀၀၁ ခုနှစ် ၊ နိုဝင်ဘာလ (၈) ရက်

၁။ အစိုးရ၏အရင်းအနှီးပါဝင်သည့် ကုမ္ပဏီနှင့် ဖက်စပ်များတွင် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်သည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများ သိရှိလိုက်နာရန်ကိစ္စများကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၁၃-၆-၉၇ ရက်စွဲပါ ညွှန်ကြားချက် ၁/၉၇ နှင့် စာရင်းစစ်ချုပ်ရုံး၏ ၂၂-၅-၉၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၉၈ တို့ဖြင့်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အစိုးရ၏အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ နှင့်ဖက်စပ်များတွင် စာရင်းစစ်အဖြစ်ဆောင်ရွက်သူများသည် မြန်မာနိုင်ငံကုမ္ပဏီ များအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အတိအကျလိုက်နာပြီး ယေဘုယျအားဖြင့်လိုက်နာကျင့်သုံးလျက်ရှိသည့် စာရင်းစစ်ဆေးခြင်း နည်းစနစ်များနှင့်အညီစစ်ဆေးအစီရင်ခံရမည့်အပြင် အပိုဒ်(၁) တွင်ဖော်ပြထားသည့် ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ပြီး စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်ချုပ်ထံ တင်ပြကြရန်ဖြစ်ပါသည်။ထို့ပြင်ဖက်စပ်ကုမ္ပဏီ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်ချုပ်ထံ ဖြည့်စွက်အစီရင်ခံရန် လိုအပ်ချက်များအတွက် ဖက်စပ်စာရင်းစစ်ဆေးခြင်း (Audit Engagement) တစ်ခုချင်းအတွက် သီးခြားညွှန်ကြားချက်များကိုစာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ထံပေးပို့သွားပါမည်။ ဖြည့်စွက်အစီရင်ခံရာတွင် အဆင်ပြေစေရေးအတွက် မေးခွန်းလွှာပုံစံ (Questionnaire) တွင်ဖြည့်စွက်ပြီး ၊ စာရင်းစစ်အစီရင်ခံစာနှင့် အတူစာရင်းစစ်ချုပ်ထံတင်ပြ အစီရင်ခံရန်ဖြစ်ပါသည် ။ နမူနာ မေးခွန်းလွှာ ပုံစံကိုပူးတွဲ ဖော်ပြထားပါသည် ။

၃။ သို့ပါ၍အစိုးရ၏ အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ နှင့်ဖက်စပ်များ၏ စာရင်းများကိုစစ်ဆေးပါက စာရင်းစစ်သည် ၎င်း၏ စာရင်းစစ် အစီရင်ခံစာ နှင့် အတူပူးတွဲပါ မေးခွန်းလွှာ ပုံစံ (Questionnaire) ကိုပြည့်စုံစွာ ဖြည့်စွက်ပြီး လျှို့ဝှက်အဆင့်ဖြင့် စာရင်းစစ်ချုပ်ထံတင်ပြရန် ဖြစ်ကြောင်း အကြောင်းကြားပါသည် ။

ပုံ/ xxx
သင်းသင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ် ၊ လေ့ - ကျွမ်း / ညွှန် / ၁၀၁ ရက်စွဲ ၊ ၈ - ၁၁ - ၂၀၀၁

ဖြန့်ဝေခြင်း

- ၂၀၀၁ ခုနှစ် ၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများအားလုံး ။

မိတ္တူ-

- ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံစာရင်းကောင်စီ ။
- ဒုတိယဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံစာရင်းကောင်စီ ။
- မြန်မာနိုင်ငံစာရင်းကောင်စီ အဖွဲ့ဝင်များ ။
- စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများ ။
- ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ။
- မှတ်ပုံတင်အရာရှိ ၊ မြန်မာနိုင်ငံစာရင်းကောင်စီ ။
- ရုံးလက်ခံ / မျှော ။

အစိုးရအရင်းအနှီးပါဝင်သည့် ဖက်စပ်ကုမ္ပဏီ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်ချုပ်ထံ ဖြည့်စွက်အစီရင်ခံတင်ပြချက်

| | | | | |
|---|---|---|---|---|
| ၁။ | စာရင်းစစ်အမည် | - | | |
| ၂။ | စစ်ဆေးသည့် ဖက်စပ်ကုမ္ပဏီအမည် | - | | |
| ၃။ | စစ်ဆေးသည့် ဘဏ္ဍာရေးနှစ် | - | | |
| ၄။ | စာရင်းစစ်ဆေးသည့် ရက် | - | နေ့မှ | နေ့အထိ |
| ၅။ | စာရင်းစစ်အဖွဲ့ အဖွဲ့ခေါင်းဆောင် | - | | |
| | အဖွဲ့ဝင်များ | - | | |
| | | - | | |
| ၆။ | အစီရင်ခံစာ တင်ပြသည့်နေ့ | - | | |

၇။ ဖက်စပ်၏ သင်းဖွဲ့မှတ်တမ်း (Memorandum of Association) ၊ သင်းဖွဲ့စည်းမျဉ်းများ (Articles of Association) နှင့် သဘောတူစာချုပ်များ (Contracts & Agreements) အရ ဖက်စပ်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် တာဝန်ရှိသည့် လုပ်ငန်း/ကိစ္စ တစ်ခုခုကို အကောင်အထည်ဖော် ဆောင်ရွက်မှုမပြုခြင်း ရှိ /မရှိ ။ ရှိပါက အကောင်အထည်မဖော်နိုင်သည့် လုပ်ငန်းအမျိုးအမည်နှင့် အကြောင်းရင်း။

၈။ ဖက်စပ်၏ သင်းဖွဲ့မှတ်တမ်း (Memorandum of Association) ၊ သင်းဖွဲ့စည်းမျဉ်းများ (Articles of Association) နှင့် သဘောတူစာချုပ်များ (Contracts & Agreements) တွင် မပါသည့် (တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့် မရှိသည့်) လုပ်ငန်း/ကိစ္စ တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ မရှိ။ ရှိပါက လုပ်ကိုင်ခဲ့သည့် လုပ်ငန်းအမျိုးအမည်နှင့် ထိုကြောင့် ဖက်စပ်၏ လုပ်ငန်းဆောင်တာ အခြေအနေနှင့် ဘဏ္ဍာရေးအခြေအနေအပေါ် အကျိုးသက်ရောက်မှု ။

၉။ ဖက်စပ်လုပ်ငန်းနှင့် မသက်ဆိုင်သော စရိတ်/ဆုံးရှုံးမှု တစ်ရပ်ရပ်ကို ဖက်စပ်၏အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းကျခံထားခြင်း ရှိ မရှိ ။ ရှိပါက စရိတ် / ဆုံးရှုံးမှု သဘောသဘာဝနှင့် အတိုင်းအတာ ။

၁၀။ ကုမ္ပဏီ / ဖက်စပ်သည် အရှုံးပေါ်နေပါက အရှုံးပေါ်ရသည့် အကြောင်းရင်းများ သုံးသပ်ချက်။

၁၁။ စာရင်းစစ်ရာတွင် ထည့်သွင်းကြည့်ရှုရန် စာရင်းစစ်ချုပ်ရုံးက ညွှန်ကြားထားချက်များ (ရှိလျှင်) အတွက် စိစစ်တင်ပြချက်။

ရက်စွဲ                                                                 စာရင်းစစ်၏လက်မှတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
နေပြည်တော်

ရက်စွဲ။ ၁၁ - ၇ - ၂၀၀၇

ရုံးအမိန့်

အမှတ်။ ၂၆

အကြောင်းအရာ။ ။ နည်းခံလုပ်သက် သတ်မှတ်ချက်များဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေး ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

၁။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လိုသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် သတ်မှတ်ထားသည့် နည်းခံလုပ်သက်ပြည့်မြောက်အောင် ဆောင်ရွက်ပြီးစီးနေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီတွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူများသာလျှင်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ သို့မဟုတ် အထူးကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းထားသည့် ကုမ္ပဏီများတွင် ပြင်ပစာရင်းစစ် (External Auditor) အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်ပြီးနောက်၊ ကောင်စီက သတ်မှတ်ပေးသည့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းတွင် အနည်းဆုံး(၂)နှစ် လက်တွေ့လုပ်ငန်း ဆောင်ရွက်ပြီး နည်းခံသင်ယူရမည်။ အဆိုပါ လုပ်သက်(၂)နှစ်ကို ယခုစတင်အလုပ်သင်ဆင်းသည့်နေ့မှစတင်၍ ရေတွက်ရမည်။ ယင်းစာမေးပွဲအောင်စာရင်း မထုတ်ပြန်ခင်၊ ဆောင်ရွက်ထားသည့် ကာလကို၊ နည်းခံလုပ်သက်အဖြစ် ရေတွက်ခြင်းမပြုစေရ။

၄။ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲ အောင်မြင်ပြီးနောက်၊ အစိုးရဌာန သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်သူများအတွက် နည်းခံလုပ်သက်ကို အောက်ပါအတိုင်း သတ်မှတ်သည်။ ယင်းစာမေးပွဲအောင်စာရင်း မထုတ်ပြန်ခင် ဆောင်ရွက်ထားသည့် ကာလကို နည်းခံလုပ်သက်အဖြစ် ရေတွက်ခြင်းမပြုစေရ။ အောက်ပါ နည်းခံလုပ်သက်နှစ်များကို အောင်မြင်ထားသည့် ဒုတိယပိုင်းစာမေးပွဲ အောင်စာရင်း ထုတ်ပြန်သည့်နေ့မှစ၍ ရေတွက်ရမည်။

(က) စာရင်းစစ်ချုပ်ရုံးဝန်ထမ်းဖြစ်ပြီး အောက်ဖော်ပြပါ ရာထူးအလိုက် သတ်မှတ်သည့် လုပ်သက်နှစ်ထက်မနည်း ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း စာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံမှ ထောက်ခံချက် ရရှိထားရမည်။

| | | |
|---|---|---|
| (၁) | စာရင်းစစ် | လုပ်သက်(၇)နှစ် |
| (၂) | စာရင်းစစ်မှူး | လုပ်သက်(၅)နှစ် |
| (၃) | စာရင်းစစ်အရာရှိနှင့်အထက် | လုပ်သက်(၃)နှစ် |

(ခ) အခြားအစိုးရ လုပ်ငန်းဌာနများတွင် တာဝန်ထမ်းဆောင်ပါက

(၁) ၃၃၀၀၀ိ - ၁၀၀ိ - ၃၈၀၀၀ိ လစာနှုန်းတွင် လုပ်သက်(၇)နှစ်

(၂) ၄၅၀၀၀ိ - ၁၀၀ိ - ၅၀၀၀၀ိ လစာနှုန်းတွင် လုပ်သက်(၅)နှစ်

(၃) ၈၀၀၀ိ - ၂၀၀ိ - ၉၀၀၀၀ိ လစာနှုန်းတွင် လုပ်သက်(၃)နှစ်

(၄) စာရင်းရေးသွင်းခြင်း (Book-Keeping) အတွေ့အကြုံရှိရမည်။

(၅) တန်ဖိုးတွက်ခြင်း (Costing) အတွေ့အကြုံရှိရမည်။

(၆) ပစ္စည်းထိန်းသိမ်းခြင်း (Store-Accounting) အတွေ့အကြုံရှိရမည်။

(၇) နှစ်ချုပ်စာရင်းပိတ်ခြင်း (Financial Statement Closing) အတွေ့အကြုံရှိရမည်။

(၈) ဌာနတွင်းစာရင်းစစ်ဆေးခြင်း (Internal Auditing) အတွေ့အကြုံရှိရမည်။

(၉) နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ပြီး၊ အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက၊ စာရင်းစစ်ဆေးခြင်း အတွေ့အကြုံ ရရှိစေရန် ကောင်စီက သတ်မှတ်ပေးသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းတွင် စာရင်းကိုင် အလုပ်သင်နှင့် သင်တန်း ကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားသည့် ကာလ ပြည့်မြောက်အောင် လက်တွေ့လေ့လာဆည်းပူးရမည်။

(ဂ) ပုဂ္ဂလိက လုပ်ငန်းဌာနများတွင် တာဝန်ထမ်းဆောင်ပါက အထက်အပိုဒ်ခွဲ (၄) မှ (၈) အထိ လုပ်ငန်းများကို အနည်းဆုံး (၅) နှစ် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ပြီးသူဖြစ်ရမည်။ ထိုသတ်မှတ်ချက်နှင့်ကိုက်ညီပါက၊ စာရင်းစစ်ဆေးခြင်း အတွေ့အကြုံ ရရှိစေရန် ကောင်စီက သတ်မှတ်ပေးသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းတွင် စာရင်းကိုင်အလုပ်သင် နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားသည့် ကာလပြည့်မြောက်အောင် လက်တွေ့လေ့လာဆည်းပူးရမည်။

၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်စာမေးပွဲ ဒုတိယပိုင်း အောင်မြင်ပြီးသူသည် နည်းခံ လုပ်သက် ရရှိရန် ဆောင်ရွက်လိုပါက မြန်မာနိုင်ငံစာရင်းကောင်စီသို့ လျှောက်ထားနိုင်သည်။ ထိုသို့ဆောင်ရွက်ရန် ကောင်စီက လက်ခံပါက စာရင်းကိုင်အလုပ်သင်နှင့်အလုပ်သင်ကြားပေးနိုင်သည့် စာရင်းကိုင်တို့ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုပြီး၊ ကောင်စီတွင် စာရင်းကိုင်အလုပ်သင် အဖြစ်ဆောင်ရွက်ကြောင်း မှတ်ပုံတင်ရမည်။

၆။ ကောင်စီက ထုတ်ပြန်ထားသော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များ သို့မဟုတ် ညွှန်ကြားချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက၊ စာရင်ကိုင်အလုပ်သင် အဖြစ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ စာရင်းကိုင်အလုပ်သင်အား အလုပ်သင်ကြားပေးသည့် စာရင်းကိုင်သည် အလုပ်သင်ကြား ပေးရေး အစီအစဉ်နှင့်မပတ်သက်သော တာဝန်ဝတ္တရား ဆောင်ရွက်စေခြင်း။ နည်းခံလုပ်သက် ရရှိရန် အလုပ်ကိုကျကျနန သင်ကြားမှုမရှိခြင်း၊ မလျော်ကန်သောအပြုအမူများဖြင့် ဆက်ဆံခြင်း

စသည်တို့ ကြုံတွေ့ရလျှင် စာရင်းကိုင် နှင့် အလုပ်သင်သင်တန်းကြီးကြပ်ရေးကော်မတီသို့ တိုင်ကြားနိုင်သည်။

၈။ လက်မှတ်ရပြည်သူ့စာရင်းကိုင် စာမေးပွဲ ဒုတိယပိုင်း အောင်မြင်ပြီး၊ သတ်မှတ်နည်းခံ လုပ်သက်ပြီးမြောက်ကြောင်း ကောင်စီမှ သတ်မှတ်သူများကိုသာ (Full- fledge CPA) အဖြစ် သတ်မှတ်ပါသည်။

၉။ သတ်မှတ်နည်းခံလုပ်သက်ပြည့်မြောက်၍ လက်မှတ်ရပြည်သူ့စာရင်းကိုင် (Full-Fledge Certified Public Accountant) အဖြစ်မှတ်ပုံတင်ရန် ကောင်စီထံ သတ်မှတ်အခကြေးငွေပေးသွင်း လျှောက်ထားရမည်။ လျှောက်လွှာများကို အလုပ်သင်စာရင်ကိုင်လျှောက်လွှာစိစစ်ရေးအဖွဲ့မှ စိစစ်ပြီး၊ ကျေနပ်ဖွယ်ရာရှိမှသာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (Full- fledge CPA) အဖြစ် မှတ်ပုံတင်ခွင့်ပြုမည်။

အမိန့်အရ

(သိန်းမြင့်)
အတွင်းရေးမှူး

စာအမှတ်၊လေ့ကျင့်/မစက/၁၁၀ ရက်စွဲ၊ ၁၁ - ၇ - ၂၀၀၇

ဖြန့်ဝေခြင်း-

၁။ စာရင်းစစ်ချုပ်၏စာတွဲ
၂။ ဒုတိယစာရင်းစစ်ချုပ်၏စာတွဲ
၃။ ညွှန်ကြားရေးမှူးချုပ်၏စာတွဲ
၄။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏စာတွဲ
၅။ ဒုတိယညွှန်ကြားရေးမှူး၊သင်တန်းကျောင်း၊စာရင်းကောင်စီ
၆။ ရုံးအမိန့်ဖိုင်
၇။ ရုံးလက်ခံ
၈။ မျှော

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းကောင်စီ
နေပြည်တော်

## တရားမဝင်နည်းလမ်းဖြင့်ရယူသည့်ငွေကြေးပစ္စည်းများထုတ်ဖော်သတင်းပေးရေးနှင့်စပ်လျဉ်း၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသို့ ညွှန်ကြားချက်

အမှတ်၊ ၁/ ၂၀၀၇။ ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားမဝင်နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းထိန်းချုပ်ရေး ဥပဒေ (ဥပဒေ အမှတ် ၆/ ၂၀၀၂) ပုဒ်မ- ၄၁၊ ပုဒ်မခွဲ(ခ)တွင် ၊ အပ်နှံထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍၊ ၁၃-၉-၂၀၀၆ ရက်စွဲပါ အမိန့်အမှတ် ၅/ ၂၀၀၆ကို ထုတ်ပြန်ထားပါသည်။ ထိုအမိန့်တွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်များနှင့် စာရင်းစစ်များသည် မိမိတို့လုပ်ငန်းတာဝန်များအရ၊ ပုဂ္ဂလိက ဆိုင်ရာ ကုမ္ပဏီ၊ အသင်းအဖွဲ့များ၏ စာရင်းများစစ်ဆေးရာတွင်၊ ငွေကြေးခဝါချခြင်း၊ အကြမ်းဖက်မှု အားငွေကြေးထောက်ပံ့ခြင်းနှင့်၊ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်ဆိုင်သည်ဟု သံသယ ဖြစ်ဖွယ်တွေ့ရှိပါက၊ နှောင့်နှေးမှုမရှိစေဘဲ၊ တရားမဝင်နည်းလမ်းဖြင့်၊ ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများဗဟိုထိန်းချုပ်ရေး အဖွဲ့ထံသို့ လျှို့ဝှက်အဆင့်သတ်မှတ်၍၊ သတင်းပေးပို့ကြရန် ညွှန်ကြားထားပါသည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)တွင် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူများလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်တစ်ရပ်အဖြစ်၊ " မိမိ တစ်ဦးတည်းသာသိရှိ စေသော အကြောင်းအချက်များကိုအလုပ်ရှင်၏ ခွင့်ပြုချက်မရဘဲ၊ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ၊ ထုတ်ဖော်ပြောဆိုခြင်းမပြုရ" ဟုပြဋ္ဌာန်း၊ တားမြစ်ထားပါသည်။

၃။ အပိုဒ်-၁ တွင် ဖော်ပြသည့် ညွှန်ကြားချက်အရ၊ ဗဟိုထိန်းချုပ်ရေးအဖွဲ့ထံသို့သတင်းပေးပို့ခြင်းသည်၊ တည်ဆဲဥပဒေတစ်ရပ်အရ တရားဥပဒေစိုးမိုးရေးအလို့ငှာဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ) ပါ ပြဋ္ဌာန်း၊ တားမြစ်ချက်ကိုချိုးဖောက်ရာမရောက်ကြောင်း၊ အဆိုပါကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ရာမရောက်ရာ မရောက်ကြောင်း အလေးအနက်ဖော်ပြပါသည်။

၄။ သို့ပါ၍၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသည်၊ စာရင်းပညာလုပ်ငန်းများ (စာရင်း ပြုစုပေးခြင်း၊ စာရင်းစစ်ဆေးခြင်း၊ အတိုင်ပင်ခံအဖြစ်ဆောင်ရွက်ခြင်း၊ စာရင်းစနစ် ချမှတ်ပေးခြင်း စသည်) ဆောင်ရွက်ရာ၌ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှု၊ ပြစ်မှု တစ်ရပ်ရပ် နှင့်စပ်ဆိုင်နိုင်သည်ဟု သံသယဖြစ်ရမှု၊ ဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ရာရောက်သည်ဟု မှတ်ယူရမှု (Suspicious and unusual transactions/ events) စသည်တို့ကတွေ့ရှိရ ပါကတရားမဝင် နည်းလမ်းဖြင့်၊ ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများဗဟိုထိန်းချုပ်ရေးအဖွဲ့ထံသို့ ချက်ချင်းလျှို့ဝှက်၊ သတင်း ပေးပို့ကြရန်၊ ဤညွှန်ကြားချက်ကိုထုတ်ပြန်ပါသည်။

၅။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသည်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ၁၈၊ ပုဒ်မခွဲ(ခ)တွင်တာဝန်သတ်မှတ်ထားသည့်အတိုင်း၊ ဤညွှန်ကြားချက်ကို တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

အမိန့်အရ-

(ခင်စန်းဦး)
တွဲဖက်အတွင်းရေးမှူး

ဖြန့်ဝေခြင်း-

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ထားသည့်
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

စာအမှတ်၊ လေ့-ကျွမ်း/ ပီအေ/ ၃၇၆ ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်

မိတ္တူ-

၁။ စာရင်းစစ်ချုပ်စာတွဲ။
၂။ ဒုတိယစာရင်းစစ်ချုပ်စာတွဲ။
၃။ ညွှန်ကြားရေးမှူးချုပ်စာတွဲ။
၄။ ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)စာတွဲ။
၅။ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)စာတွဲ။
၆။ ညွှန်ကြားရေးမှူး၊ လေ့-ကျွမ်း၊ စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်။
၇။ ရုံးလက်ခံ
၈။ မျှော

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
နေပြည်တော်

စာရင်းပညာလုပ်ငန်းများကို အမှန်ကန်ဆုံးဖြစ်စေရေးအတွက် ထိုက်သင့်သောသတိသမ္မဇဉ် (Due Professional Care) ထားရှိဆောင်ရွက်ကြရေး နှင့် စပ်လျဉ်း၍ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများသို့ ညွှန်ကြားချက်

အမှတ်၊ ၁/ ၂၀၀၈။ ရက်စွဲ၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်။

၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတို့ပါပြဋ္ဌာန်းချက်များအရ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် ကုမ္ပဏီများ (၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ကုမ္ပဏီများ အပါအဝင်) တွင် စာရင်းစစ်အဖြစ်ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအား အခွန်စည်းကြပ်ရန် ပြည်တွင်းအခွန်များဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးသုံးလအတွင်း ဝင်ငွေကြေငြာလွှာနှင့် အတူ ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြရန်ကြေငြာပြီး တင်ပြသည့် ဘဏ္ဍာရေးရှင်းတမ်းများပေါ်မူတည်၍ အခွန်စည်းကြပ်ပါသည်။ သို့သော်တင်ပြသည့်ဘဏ္ဍာရေးရှင်းတမ်းများတွင် အောက်ပါချို့ယွင်းအားနည်းမှုများ ရှိကြောင်း သိရပါသည်။

(က) သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်ကိုက်ညီမှုမရှိခြင်း
(ခ) လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ပေါ်လွင်အောင်ရေးဆွဲထားမှုမရှိခြင်း
(ဂ) နားလည်ယုံကြည်အောင်ရေးဆွဲထားမှုမရှိခြင်း

၃။ ထို့အပြင် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို ပြည်တွင်းအခွန်များဦးစီးဌာနက စိစစ်သည့်အခါလိုအပ်ချက်များရှိနေခြင်းကြောင့် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်စည်းကြပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိ ကြောင်းသိရှိရပါသည်။

၄။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသည် " မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက်ဆောင်ရွက်ရမည့်" တာဝန်ရှိကြောင်း မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ- ၁၈(က) တွင်ပြဋ္ဌာန်းထားပြီး ၎င်းဥပဒေ ပုဒ်မ- ၁၈ တွင် ပြဋ္ဌာန်းထားသည့်တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထိုက်သင့်သည့် ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်ကြောင်း မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ- ၂၁(ဂ) တွင်

ပြဋ္ဌာန်းထားပါသည်။ ကုမ္ပဏီစာရင်းစစ်များအနေဖြင့် True & Fair ဖြစ်မဖြစ် သဘောထားထုတ်ဖော်ရာတွင်တာဝန်ကြီးလေးလှပါသည်။ စာရင်းစစ်အစီရင်ခံစာမထုတ်ပြန်မီ ကုမ္ပဏီ၏စီမံခန့်ခွဲ ရေးပိုင်းထံမှ Management Representation များ မဖြစ်မနေယူထားရန် လိုအပ်ပါသည်။ သို့မှသာပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ရှိမှုအတိုင်းအတာကိုပိုင်းခြားကန့်သတ်နိုင်မည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသည် စာရင်းပညာလုပ်ငန်းများ (စာရင်းပြုစုပေးခြင်း၊စာရင်းစစ်ဆေးခြင်း၊ အတိုင်ပင်ခံအဖြစ်ဆောင်ရွက်ခြင်း၊ စာရင်းထားနည်းစနစ်ချမှတ်ပေးခြင်း စသည်) တို့ကို **အမှန်ကန်ဆုံးဖြစ်စေရေးအတွက် ထိုင်သင့်သောသတိသမ္ပဇဉ် (Due Professional Care) ထားရှိဆောင်ရွက်ကြရန် ဤညွှန်ကြားချက်ကို** ထုတ်ပြန်ပါသည်။

အမိန့်အရ

(ခင်စန်းဦး)
တွဲဖက်အတွင်းရေးမှူး

စာအမှတ်၊ မစက/ ပီအေ/ ၇၇ ရက်စွဲ၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်။

ဖြန့်ဝေခြင်း -

- ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

မိတ္တူကို

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
- မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ
- မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ/ မျှော

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားချက် အမှတ်- ၁/၂၀၀၈
၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၄) ရက်

အကြောင်းအရာ။ ။စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု Continuing Professional Education(CPE)နှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်ထုတ် ပြန် ခြင်း။

၁။ အရှိန်အဟုန်နှင့် လျင်မြန်စွာပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် နည်းပညာများ လျင်မြန်စွာ တိုးတက်လာခြင်း၊ စီးပွားရေးလုပ်ဆောင်ချက်များ ကမ္ဘာနှင့်အဝှမ်း ကျယ်ပြန့်စွာ ဆောင်ရွက်လာခြင်း၊ ဥပဒေပိုင်းဆိုင်ရာ နက်နဲ ရှုတ်ထွေးလာခြင်း၊ လုပ်ငန်းလုပ်ဆောင်ချက်များ ပိုမိုရှုပ်ထွေးလာခြင်း စသည့်တို့ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်များ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ယင်းတို့ကိုချောမောစွာ ကျော်လွှားနိုင်ရန် အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင်များတွင် ပညာရပ်ဆိုင်ရာအသိ ပညာများ၊ ကျွမ်းကျင်မှုများ၊ အရည်အချင်းများ ခေတ်နှင့်အညီပြည့်မီရန် ပိုမိုလိုအပ်လာ ပါသည်။

၂။ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် တစ်ယောက် အဖြစ်ရပ်တည်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု (CPE)ကို မလွှဲမသွေ ဆောင်ရွက်နေရန် လိုအပ် ပါသည်။

<u>သတ်မှတ်နာရီ</u>

၃။ Practising CPAs များသည် ပြက္ခဒိန် တစ်နှစ်လျှင် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု CPE ၄၀ နာရီဆောင်ရွက်ကြောင်းတင်ပြနိုင်ရပါမည်။ ၎င်းတို့သည် ဆက်တိုက် သုံးနှစ်အတွင်း အစောပိုင်းနှစ်များ၏ နှစ်စဉ်သတ်မှတ်ထားသော CPE နာရီ ၄၀ မပြည့်မီပါက ၎င်းသုံးနှစ်အတွင်း ကျန်နှစ်များတွင် စုစုပေါင်း CPE နာရီ ၁၂၀ ပြည့်မီအောင်လုပ်ဆောင်ရမည်။ အလားတူ Non-Practising CPAs များသည် ဆက်တိုက် သုံးနှစ်တာကာလအတွင်း စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု CPE ၉၀ နာရီ ဆောင်ရွက်ကြောင်းတင်ပြနိုင်ရပါမည်။ ၎င်းတို့သည် ဆက်တိုက်သုံးနှစ်အတွင်း အစောပိုင်းနှစ်များ၏ နှစ်စဉ်သတ်မှတ်ထားသော CPE နာရီ ၃၀ မပြည့်မီပါက ၎င်းသုံးနှစ်အတွင်း ကျန်နှစ်များတွင် စုစုပေါင်း CPE နာရီ ၉၀ ပြည့်မီအောင်လုပ်ဆောင်ရမည်။ သုံးနှစ်ဆိုသည်မှာ CPE hour အပို/အလို ညှိရန်သာဖြစ်ပြီး လေ့လာဆည်းပူးမှုမှာကား စဉ်ဆက်မပြတ်ဖြစ်ရပါမည်။ ပြက္ခဒိန် တစ်နှစ်လျှင် အနည်းဆုံး CPE နာရီများမှာ၊ Practising CPAs ဆိုပါက၊ ၁၂ နာရီနှင့် Non-Practising CPAs ဆိုပါက ၉နာရီဖြစ်သည်။

၄။ ယင်းသို့ဆောင်ရွက်ကြောင်း မြန်မာနိုင်ငံစာရင်းကောင်စီက ကျေနပ်လက်ခံမှသာ နောင်နှစ် အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင် အဖြစ်မှတ်ပုံတင်ခြင်းနှင့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သတ်တမ်း တိုးခြင်းကို ခွင့်ပြုမည်။

CPE ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်လိုက်နာရမည့် စည်းကမ်းများ

၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် အောက်ပါစည်းကမ်းများကိုလိုက်နာ ကျင့်သုံးရမည်။

(က) နောက်ဆက်တွဲတွင်ဖော်ပြထားသည့် CPE Record ကို လက်မှတ်ရပြည်သူ့စာရင်းကိုင် များ ကိုယ်တိုင်ထိန်းသိမ်းထားရမည်။

(ခ) CPE နှင့်ပတ်သက်သည့် အချက်အလက်များကို CPE Record တွင်တိကျ မှန်ကန်စွာရေးသွင်း မှတ်တမ်းတင်ရမည်။

(ဂ) Structured and Unstructured Learning Activities နှင့် ပတ်သက်သည့် အထောက်အထားမှတ်တမ်းများ၊ Certificate များကိုသေချာ၊ကျနစွာ သိမ်းဆည်းထားရမည်။ သိမ်းဆည်းထိန်းသိမ်းရမည့်ကာလမှာ သုံးနှစ်ဖြစ်သည်။

(ဃ) မြန်မာနိုင်ငံစာရင်းကောင်စီက အခါအားလျော်စွာ CPE နှင့်ပတ်သက်၍ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ အမိန့်များကို တိကျစွာလိုက်နာရမည်။

(င) မြန်မာနိုင်ငံစာရင်းကောင်စီက CPE နှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် လိုအပ်ချက် များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ထားကြောင်း ပြသနိုင်ရန် လုံလောက်သည့် မူရင်းအထောက်အထား များကို မြန်မာနိုင်ငံစာရင်းကောင်စီက တောင်းခံသည့်အခါ တင်ပြနိုင်ရမည်။

(စ) CPE ဆောင်ရွက်နေစဉ်ကာလအတွင်း ပြက္ခဒိန်နှစ်ကုန်ဆုံးပြီး တစ်လအတွင်း CPE ဆောင်ရွက်မှု အစီရင်ခံစာကို အထောက်အထား မိတ္တူများနှင့်အတူ၊ နှစ်စဉ် မြန်မာနိုင်ငံစာရင်းကောင်စီသို့ အစီရင်ခံတင်ပြရမည်။

(ဆ) အကယ်၍ CPE ဆောင်ရွက်သည့် ဆက်တိုက် သုံးနှစ်တာကာလအတွင်း၊ Practising CPAs မှ၊ Non- Practising CPAs သို့လည်းကောင်း၊ Non- Practising CPAs မှ Practising CPAs သို့လည်းကောင်း၊ အပြောင်းအလဲပြုလုပ်ပါက၊ ပြည့်မီရမည့် Structured Learning CPE Hours နှင့် Unstructured Learning CPE Hours များကို ပြန်လည်၍ Adjust လုပ်ရမည်။ ယင်းသို့ပြောင်းလဲကြောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီသို့ အကြောင်းကြားရမည်။

ဥပမာ - ပထမနှစ် နှင့် ဒုတိယနှစ် ၏ဇန်နဝါရီလတွင် Practicing CPA ၊ ဒုတိယနှစ်၏ ဖေဖော်ဝါရီလမှ စ၍ ဒီဇင်ဘာလထိ၊ နှင့် တတိယနှစ်တွင် Non-Practising ဆိုပါစို့။

၎င်းပြည့်မီရမည့် Total CPE Hours မှာ - နာရီ ၁၁၀ ဖြစ်ပါသည်။

| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စုစုပေါင်း |
|---|---|---|---|---|
| Practising CPA | ၄၀ | ၄၀ | | ၈၀ |
| Non- Practising CPA | | | ၃၀ | ၃၀ |
| Total | ၄၀ | ၄၀ | ၃၀ | ၁၁၀ |

ကြီးကြပ်ထိန်းချုပ်မှုလုပ်ငန်းစဉ်

၆။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE လိုအပ်ချက်များ ပြည့်မီအောင် လုပ်ဆောင်ခြင်း ရှိမရှိ သိရှိနိုင်ရန် ၎င်းတို့ နှစ်စဉ်ပေးပို့သည့် CPE ဆောင်ရွက်မှုအစီရင်ခံစာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှု အကောင်အထည်ဖော်ရေးကော်မတီက စိစစ်ကြီးကြပ်မည်။

၇။ စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု ပြည့်မီအောင်လုပ်ဆောင်ကြောင်း ကျေနပ်ဖွယ်ရာ စိစစ်တွေ့ရှိမှသာလျှင် မြန်မာနိုင်ငံစာရင်းကောင်စီက နှစ်စဉ်ထုတ်ပေးရမည့် သက်ဆိုင်ရာ သက်တမ်းတိုးခြင်း လက်မှတ်များကို ထုတ်ပေးမည်။

၈။ အကယ်၍ စဉ်ဆက်မပြတ်လေးလာဆည်းပူးမှု ပြည့်မီအောင် လုပ်ဆောင်ခြင်း မရှိပါက သင့်လျော်သည့် အရေးယူမှု အစီအမံများချမှတ်ဆောင်ရွက်မည်။

၉။ သက်တမ်းတိုးခြင်း လက်မှတ်များမရှိပဲ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများလုပ်နေခြင်း ရှိမရှိကို မြန်မာနိုင်ငံစာရင်းကောင်စီက ပုံမှန်စစ်ဆေးသွားမည်ဖြစ်ပြီး၊ ယင်းလက်မှတ်များမရှိဘဲ၊ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းများ လုပ်နေကြောင်းတွေ့ရှိရလျှင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ပုဒ်မ ၂၁ (ဂ) အရ ထိရောက်သော ပြစ်ဒဏ်များ (ဥပမာ- ကိုယ်ပိုင်စာရင်းကိုင်လုပ်ကိုင်ခွင့်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ယာယီ (သို့) အမြဲတမ်းရုပ်သိမ်းခြင်း) ချမှတ်ခြင်းခံရမည်။

စတင်အကောင်အထည်ဖော်မည့်ကာလ

၁၀။ CPE hours ကို ၂၀၀၉ ပြက္ခဒိန်နှစ်မှစတင်၍ ရေတွက်မည်ဖြစ်ပြီး၊ ယင်းသို့ဆောင်ရွက်ကြောင်း ကျေနပ်လက်ခံမှသာ ၂၀၁၀ နှစ်အတွက် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်များကို မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပေးမည်ဖြစ်သည်။

အမိန့်အရ

ပုံ/ XXX

သိန်းမြင့်

အတွင်းရေးမှူး

ရက်စွဲ၊ ၂၀၀၈ခုနှစ်၊ဇူလိုင်လ (၄)ရက်

စာအမှတ်၊မစက/စီပီအီး/၂၀၇

ဖြန့်ဝေခြင်း

-လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး

မိတ္တူကို -

-မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ

-စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဌ
နှင့်အဖွဲ့ဝင်များ
-ဦးဆောင်ညွှန်ကြားရေးမှူး၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (မြန်မာနိုင်ငံ ပြန်တမ်း
တွင်ထည့်သွင်း ဖော်ပြပေးနိုင်ပါရန်)
-မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
-အမိန့်ကြော်ငြာစာ စာတွဲ
-ကြော်ငြာသင်ပုန်း

စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်း (Continuing Professional Education (CPE) ဆိုင်ရာရှင်းလင်းချက် စာတမ်း

နိဒါန်း

၁။ အရှိန်အဟုန်နှင့်လျင်မြန်စွာ ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင်၊ နည်းပညာများ လျင်မြန်စွာ တိုးတက်လာခြင်း၊ စီးပွားရေးလုပ်ဆောင်ချက်များ ကမ္ဘာနှင့် အဝှမ်း၊ ကျယ်ပြန့်စွာ ဆောင်ရွက်လာခြင်း၊ ဥပဒေ ဆိုင်ရာနက်နဲ ရှုတ်ထွေးလာခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမို ရှုတ်ထွေးလာခြင်း၊ စသည်တို့ကို၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ ရင်ဆိုင်ကြုံတွေ့နေရသဖြင့်၊ ၎င်းစိန်ခေါ်မှုများကို ချောမောစွာကျော်လွှားနိုင်ရန်အတွက်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များတွင် ပညာရပ်ဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ၊ အရည်အချင်းများ၊ ပြည့်မီရန်ပိုမို လိုအပ်လာပါ သည်။

၂။ သို့ဖြစ်ပါ၍၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အနေဖြင့် ပြည်သူ့အကျိုးစီးပွား ဆောင်ရွက် ရာ၌ ကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ၊ သတိတရားကြီးမားစွာဖြင့် ဝန်ဆောင်မှုပေးစွမ်းနိုင် ရန်၊ စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်း Continuing Professional Education (CPE) ကို၊ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ International Federation of Accountants (IFAC) ၏ International Education Standard 7 တွင် ဖော်ပြထားပါသည်။ ပညာရပ်ဆိုင်ရာကျွမ်း ကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်တစ်ယောက် အဖြစ် ရပ်တည်ရေး အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု (Continuing Professional Education -CPE) ကို မလွဲမသွေ ဆောင်ရွက်နေရန် လိုအပ်ပါသည်။

၃။ ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်း (Financial Reporting)၊ ပြည်သူသို့ အစီရင်ခံတင်ပြရန် တာဝန်ရှိခြင်း (Public Accountability) နှင့် ပြည်သူများ၏ ယုံကြည်ကိုးစား အားထားရမှုများ ထိန်းသိမ်းခြင်း (Maintaining the Public Trust) တို့ အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ သည် အဓိက အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။

၄။ ယင်းသို့စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်းဖြင့် လျင်မြန်စွာပြောင်းလဲနေသည့် ဝန်းကျင် အနေအထား နှင့် အညီ၊ လိုက်လျောညီထွေ ကိုက်ညီလာနိုင်မည်ဖြစ်ပြီး၊ ပညာရပ် ဆိုင်ရာ ကျွမ်းကျင်မှု နှင့် အရည်အသွေးပြည့်ဝမှုများ ရရှိလာနိုင်ပါသည်။

တိုင်းတာခြင်းနည်းလမ်း

၅။ စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု တိုင်းတာခြင်း နည်းလမ်း(၃)ရပ်ဖြစ်သည့် Input-based, Output-based and Combination တို့အနက်၊ အများလက်ခံကျင့်သုံးသည့်နည်းမှာ Output-based ဖြစ်ပြီး၊ သတ်မှတ်၊ တိုင်းတာ၊ ကြီးကြပ်ရသည်မှာ လွယ်ကူပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီမှလည်း CPE ကို၊ Output-based ဖြင့်သာတိုင်းတာပါမည်။

စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှုပုံစံ

၆။ စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု ပုံစံနှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ

(က) အစီအစဉ်ချမှတ် မှုရှိပြီးသည့်လေ့လာဆည်းပူးခြင်း(Structured Learning) နှင့်

(ခ) အစီအစဉ်ချမှတ်မှု မရှိသေးသည့်လေ့လာဆည်းပူးခြင်း (Unstructured Learning) တို့ဖြစ်ပါသည်။

(၇) အစီအစဉ်ချမှတ် မှုရှိပြီးသည့်လေ့လာဆည်းပူးခြင်း(Structured Learning) ဆိုသည်မှာ

(က) အသိမှတ်ပြုထားသည့်ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ အသင်း၊ အဖွဲ့အစည်း၊ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းများမှ၊ ကျင်းပပြုလုပ်သည့် သင်တန်းများသို့တက်ရောက် သင်ကြားခြင်း၊

(ခ) အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများတွင် တက်ရောက်ဆွေးနွေးခြင်း၊

(ဂ) Structured Courses များတွင် ကထိက၊ သင်တန်းဆရာ၊ စာစစ်မှူး Discussion Leader အဖြစ် ဆောင်ရွက်ခြင်း

(ဃ) ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များ ရေးသားပြုစုခြင်း၊ ပညာရပ်ဆိုင်ရာလက် စွဲများ၊ ကိုးကားစာအုပ်များ သုတေသန ပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် Update မွမ်းမံခြင်း

(င) Technical Committee (သို့) အသိမှတ်ပြု ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ စာစစ်ကော်မတီ တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ဆောင်ရွက်ခြင်း၊ စသည်တို့ဖြစ်ပါသည်။

၈။ အစီအစဉ်ချမှတ်မှု မရှိသေးသည့်လေ့လာဆည်းပူးခြင်း (Unstructured Learning) ဆိုသည်မှာ၊ Non-formal Activities (ဥပမာ- Technical, Professional, financial or business နည်းပညာဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ ဘဏ္ဍာရေးရာ၊ စီးပွားရေးရာ စာတမ်း၊ စာစောင်များလေ့လာဖက်ရှုမှတ်သားခြင်း၊Self-study မိမိကိုယ်တိုင်လေ့လာ ဆည်းပူးခြင်းနှင့် သုတေသနပြုလုပ်ခြင်း) တို့ဖြစ်ပါသည်။

<u>လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ်မှတ်ပုံတင်ခြင်း</u>

၉။ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူနိုင်ငံသားသည် အောက်ပါအရည်အချင်း တစ်ရပ်ရပ်နှင့်ကိုက်ညီပါက မြန်မာနိုင်ငံစာရင်းကောင်စီက လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင် လက်မှတ် နစ်စဉ်ထုတ်ပေးမည်။

(က) Full-Fledged CPA အောင်လက်မှတ်ရရှိသူ၊

(ခ) CPA (သို့) RA စာမေးပွဲအောင်မြင်ပြီး နည်းခံလုပ်သက်အတွင်း လက်တွေ့လုပ်ငန်းများကို ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဆုံးသူ

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုကပေးအပ်ပြီး၊ စာရင်းကောင်စီကလည်း အသိအမှတ်ပြုထားသည့် စာရင်းပညာဆိုင်ရာလက်မှတ် (သို့) ဘွဲ့ရရှိသူ

(ဃ) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီနည်းဥပဒေများအရ၊ မှတ်ပုံတင်စာရင်းကိုင်အဖြစ် မှတ်ပုံတင်ထားပြီးသူ (သို့) ယင်းသို့မှတ်ပုံတင်ခွင့်ရှိသူ

<u>ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိရန်မှတ်ပုံတင်ခြင်း</u>

၁၀။ အပိုဒ် ၉ ပါအတိုင်း မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လိုပါက သတ်မှတ်

နည်းလမ်းများနှင့်အညီ မှတ်ပုံတင် ပေးရန် မြန်မာနိုင်ငံစာရင်းကောင်စီသို့ နှစ်စဉ်လျှောက်ထား ရမည်။ ထို့ကြောင့် Practising Accountants (PA) များသည် မြန်မာနိုင်ငံစာရင်းကောင်စီမှ နှစ်စဉ် ထုတ်ပေးသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် မှတ်ပုံတင်လက်မှတ် နှင့် ကိုယ်ပိုင် စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်နှစ်မျိုးရှိရပါမည်။ PA များသာလျှင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အထူးကုမ္ပဏီများ အက်ဥပဒေ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီများတွင် ပြင်ပစာရင်းစစ် (External Auditor) အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၁၁။ အပိုဒ် ၉ ပါအတိုင်း မှတ်ပုံတင်တင်ထားသူသည် Non-Practising CPA ဖြစ်ပြီး အပိုဒ် ၁၀ ပါအတိုင်း ထပ်မံ၍ မှတ်ပုံတင်ထားသူသည် Practising CPA ဖြစ်သည်။

CPE horus ပြည့်မီရန်လိုအပ်ချက်ကွဲပြားမှု

၁၂။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ PA ၏ စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှု လိုအပ်ချက်များသည် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင် ခြင်းမရှိသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ Non-Practising CPAs ၏ လိုအပ်ချက်များနှင့် မတူညီပါ။

Practising CPA နှင့် Non-Practising CPAs များ၏ CPE hours

၁၃။ ဤနေရာတွင် Core Expertise၊ Related Expertise နှင့် Other Expertise တို့၏ ကွဲပြားခြားနားမှုကို Appendix I ၌ဖော်ပြထားပါသည်။ ဆက်တိုက်သုံးနှစ်အတွင်း ပြည့်မီရမည့် CPE hours များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | Core | Related | Other | Total |
|---|---|---|---|---|
| Practising CPAs-Structured Learning | ၄၅ | ၃၀ | ၁၅ | ၉၀ |
| -Unstructured Learning | ၁၅ | ၁၀ | ၅ | ၃၀ |
| | ၆၀ | ၄၀ | ၂၀ | ၁၂၀ |
| Non-Practising CPAs-Structured Learning | ၃၄ | ၂၄ | ၁၂ | ၇၀ |
| -Unstructured Learning | ၁၁ | ၆ | ၃ | ၂၀ |
| | ၄၅ | ၃၀ | ၁၅ | ၉၀ |

၁၄။ ပြက္ခဒိန်တစ်နှစ်လျှင် အနည်းဆုံး CPE နာရီများမှာ၊ Practising CPAs ဆိုပါက၊ ၁၂ နာရီနှင့် Non-Practising CPAs ဆိုပါက ၉ နာရီဖြစ်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ လိုက်နာရမည့်စည်းကမ်းချက်များ

၁၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၄-၇-၂၀၀၈ နေ့စွဲပါ ညွှန်ကြားချက် အမှတ်-၁/၂၀၀၈ဖြင့် ထုတ်ပြန်ထားသော CPE Instruction ပါအပိုဒ် (၅)အတိုင်း၊ လိုက်နာကျင့်သုံးရမည်။

တိုင်းတာရန်အတွက် Guideline

၁၆။ CPE Programme ကို တိုင်းတာရန်အတွက် Guideline မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) CPE Hour မှာ၊ နာရီအပြည့် (မိနစ် မဟုတ်) ဥပမာ- ၁၊၂၊၃၊ စသည်ဖြင့် ဖြစ်ရမည်။

(ခ) ပထမဆုံးအကြိမ်၊ Instructor, discussion leader, speaker ဖြစ်ပါက၊ အမှန် Presentation ဆောင်ရွက်သည့် နာရီဖြစ်ရမည်။ Repeated presentation ဆိုပါက၊ သင်ရိုးညွှန်းတမ်းသိသာစွာ ပြောင်းလဲမှု (သို့) Additional study or research ပြုလုပ်ကြောင်းအမှန်သရုပ်ပြဆိုနိုင်လျှင် CPE hour အဖြစ် Claim လုပ်နိုင်သည်။

(ဂ) Study Programme တွင်၊ Segment များစွာ၊ ပါဝင်ပါက၊ ပြက္ခဒိန်တစ်နှစ်အတွင်း အမှန်တကယ် ပြီးဆုံးသွားသည့် Segment ၏ CPE hour ကို၊ Claim လုပ်နိုင်သည်။ Study programme မှာ၊ Calendar year ၂နှစ်ခွနေပါက၊ ၎င်း Programme လုံးဝပြီးဆုံးသည့်၊ ပြက္ခဒိန်နှစ်တွင်၊ CPE hour အဖြစ် Claim လုပ်နိုင်သည်။

(ဃ) ပညာရပ်ဆိုင်ရာဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များ ရေးသားပြုစုခြင်း၊ ပညာရပ်ဆိုင်ရာ လက်စွဲများ၊ ကိုးကားစာအုပ်များ သုတေသန ပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် Update မွမ်းမံခြင်း ဖြစ်ပါက၊ Publication ပြုလုပ်နိုင်သည့်နှစ်၌ CPE hour အဖြစ် Claim လုပ်နိုင်သည်။

(င) Technical Committee (သို့) အသိအမှတ်ပြု ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ စာစစ်ကော်မတီ တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ဆောင်ရွက်သည့် ကာလကို၊ CPE hour အဖြစ်၊ Claim လုပ်နိုင်သည်။

<u>ကင်းလွတ်ခွင့်ပြုသူများ</u>

၁၇။ အောက်ပါပုဂ္ဂိုလ်များ၊ CPE အရည်အချင်းပြည့်မီရန်၊ ဆောင်ရွက်ရန်မလိုဘဲ၊ ကင်းလွတ်ခွင့်ပြုသည်။ ယင်းသို့ ကင်းလွတ်ခွင့်ပြုရန်၊ မြန်မာနိုင်ငံစာရင်းကောင်စီသို့ လျှောက်ထားရမည်။ အဆိုပါ လျှောက်ထားမှုအပေါ် မြန်မာနိုင်ငံစာရင်းကောင်စီမှ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ထုတ်ပြန်ပေးမည်။

(က) အငြိမ်းစား Retired

(ခ) လုပ်ငန်းခွင် နှင့် ယာယီ ကင်းကွာနေသူ Temporarily left the work place

(ဂ) Practising CPA အဖြစ်၊ လုပ်ငန်းလိုင်စင်ကို သက်တမ်းမတိုးတော့ဘဲ၊ ရပ်ဆိုင်းနေသူ (Inactive status)

<u>ရပ်နားခွင့်ပြုသူများ</u>

၁၈။ အောက်ပါ ပုဂ္ဂိုလ်များ၊ CPE ဆက်လက်ဆောင်ရွက်ရန်မလိုအပ်ဘဲ၊ ရပ်နားခွင့်ပြုပါရန်၊ မြန်မာနိုင်ငံ စာရင်းကောင်စီသို့ လျှောက်ထားရမည်။ အဆိုပါလျှောက်ထားမှုအပေါ် မြန်မာနိုင်ငံစာရင်းကောင်စီမှ ရပ်နားခွင့်ပြု ကြောင်း အမိန့်ထုတ်ပြန်ပေးမည်။

(က) ကျန်းမာရေးမကောင်းသူ Health

(ခ) စစ်မှုထမ်းသူ Military Service

(ဂ) နိုင်ငံခြားသို့ထွက်ခွာသွားသူ

(ဃ) အခြားခိုင်လုံသည့်အကြောင်းတရားများ Other similar reasons

၁၉။ CPE ဆောင်ရွက်မှုရပ်နားထားရာမှ ပြန်လည် လုပ်ဆောင်လျှင်၊ ပြန်လည်လုပ်ဆောင်ကြောင်း စာရင်းကောင်စီသို့ အစီရင်ခံရမည်။ ဆက်တိုက်သုံးနှစ်တာအတွင်း တစ်ဝက်တစ်ပျက်၌ ရပ်နားလိုက်ပါက အစောပိုင်းနှစ်များ၌ CPE ပြုလုပ်ထားမှုများ အဟောသိကံဖြစ်သွားမည် ဖြစ်ပြီး၊ ရပ်နားရာမှ CPE ပြန်လည်ပြုလုပ်သည့်နှစ်မှစတင်ကာ၊ ဆက်တိုက်သုံးနှစ်ကို အသစ်ပြန်လည် သတ်မှတ်မည်ဖြစ်ပါမည်။

<u>ကြီးကြပ်ထိန်းချုပ်မှု လုပ်ငန်းစဉ်</u>

၂၀။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအား CPE လုပ်ဆောင်ချက်များအပေါ် ကြီးကြပ်ထိန်းချုပ်မှု လုပ်ငန်းစဉ် မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၄-၇-၂၀၀၈ နေ့စွဲပါ ညွှန်ကြားချက်အမှတ်-၁/၂၀၀၈ဖြင့် ထုတ်ပြန်ထားသော CPE Instruction ပါအပိုဒ်(၆) မှ (၉) အတိုင်းဖြစ်သည်။

ခင်စန်းဦး

အတွင်းရေးမှူး

စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်းအကောင်အထည်ဖော်ရေးကော်မတီ

Core Expertise Related Expertise နှင့် Other Expertise တို့၏ကွဲပြားခြားနားမှု

Appendix I

Public Accountant Competency Map

A. Core Expertise

A1 Financial and Statutory Reporting Standards, Accounting and Auditing Standards and Pronouncements.

A2 Assurance

- i Business Risk Assessment
- ii Assurance Needs Evaluation
- iii Impact of Information Technology on Controls
- iv Professional Assurance Services
  - . Scope, Risk , Materiality/ Significance Assessments
  - . Audit Programmes and Procedures Design
- v Internal Auditing Services
- vi Regulatory Compliance Assurance Services
- vii Control Self Assessment Services
- viii Assurance Services Design
- ix Assurance Function Management
- x Assurance Standards Development

A3 Corporate Governance

- i International/Local Governance Guidelines, Regulations and Codes
- ii Governance Roles and Responsibilities

A4 Statutes and Regulations

- i Companies Act
- ii Income Tax Act
- iii Other Relevant Statutes and Regulations

A5 Ethics and Professionalism

- i Protection of Public Interest
- ii Maintenance of Integrity
- iii Maintenance of Independence
- iv Adherence to Professional Rules of Conduct
- v Maintenance and Enhancement of Reputation of Profession

B. Related Expertise

B1 Finance

- i Organisation's Overall Financial Goals
- ii Financial Information System
- iii Financial Decision Making
- iv Financial Management
- v Financial Markets and Institutions
- vi Financial Instruments

B2 Information and Information Technology(IT)

- i IT Controls/ Security Risks
  - Frameworks, Policies and Standards
  - Assessment
  - Design and Implementation
- ii IT Management
- iii Systems Development
  - Life Cycle Controls
  - Project Management
- iv IT Strategy
- v IT Disaster Recovery Planning
- vi E- Business Operations and Transactions

B3 Organisational Effectiveness, Control and Risk Management

i Operating Environment Analysis

ii Corporate Mission, Vision and Strategic Goals

iii Leadership Abilities and Board Performance

iv Enterprise Risk Management Framework and Processes

v Organisation's Commitment to Full Mission and Vision

- Risk Management Policies
- Performance Objectives Settings and Monitoring
- Human Resources Policies
- Decision-making and Accountability

vi Organisation's Ability to Manage Organisational Performance

- Risk Management Processes
- Business Processes
- Internal Controls
- Change Management
- Internal Audit Effectiveness

B4 Performance Measurement

i Performance Measurement Needs and Strategy

ii Non-Financial Measurement Strategies

iii Performance Measurement Function Management

iv New Performance Measurement Techniques

v Performance Measurement Standards

B5 Performance Improvement

i Organisational Change Management

ii Human Resource Review

iii Cost and Management Systems Review

iv Post Merger Integration

B6 Corporate Finance

- i Business and Securities Valuation
- ii Law and Tax in Business Valuation
- iii Financial Analysis
- iv Mergers and Acquisitions Strategy Formulation
- v Options for Deal Structures and Implications
- vi Methods of Raising Finance

B7 Due Diligence

- i Financial Due Diligence
- ii IT Due Diligence
- iii Tax Due Diligence
- iv Market/Commercial Due Diligence
- v Strategic Reviews

B8 Insolvency and Restructuring

- i Law and Practice of:
  - Receivership
  - Judicial Management
  - Liquidation
  - Schemes of Arrangement
  - Personal Bankruptcy
- ii Insolvency
- iii Restructuring Issues

B9 Investigative and Forensic Accounting

- i Fraud Examination
- ii Computer and Internet Fraud
- iii Computer Forensics
- iv Legal Process

v Loss Quantification

vi Investigative Related Matters

vii Litigation Support

B10 Taxation

I Tax Regulations

ii Tax Profile Analysis and Tax Issues Identification

iii Tax Returns Preparation and Filing

iv Tax Planning

v Tax Positions Support, Defence and Negotiation

vi Tax Function Management

B11 Other relevant areas in this category

C. Other Expertise

C1 Leadership Competencies

I Leadership Competencies

- Vision
- External Awareness
- Creativity and Innovation
- Strategic Thinking and Planning
- Problem Solving
- Decision Making
- Cross-Functional Perspective

ii Leading People

- Conflict Management
- Leveraging Diversity
- Team Building
- Integrity and Ethics

- Personnel Management
- Coaching and Empowerment

iii Building Coalitions and Communications

- Oral and Written Communications
- Facilitating
- Influencing and Negotiation
- Building Networks and Alliances

C2 Cross-cultural Knowledge

C3 Innovative/Creative Thinking

C4 Project Management Skills

C5 Public Speaking and Communication

C6 Other relevant areas in this category

အမည်..................................၏ စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှုမှတ်တမ်း

Continuing Professional Education Record

(Part I : Structured Hours)

| Date | Description or title of course or activity | Location | Organized by (sponsor) | Structure CPE Hours | | |
|---|---|---|---|---|---|---|
| | | | | Core Expertise | Related Expertise | Other Expertise |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| Stuctured CPE hours form continuation sheet attached | | | | | | |
| Total structured CPE hours | | | | | | |

အမည်......................၏ Continuing Professional Education Record

(Part II : Unstructured Hours)

| Date | Description or title of course or activity | Location | Organized by (sponsor) | Unstructured CPE Hours | | |
|---|---|---|---|---|---|---|
| | | | | Core Expertise | Related Expertise | Other Expertise |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| Unstructured CPE hours form continuation sheet attached | | | | | | |
| Total unstructured CPE hours | | | | | | |
| Total structured CPE hours | | | | | | |
| Total CPE hours | | | | | | |

နောက်ဆက်တွဲ

. ................ နှစ်၊ ဒီဇင်ဘာ ၃၁ ရက် ကုန်ဆုံးသည့် နှစ်အတွက်စဉ်ဆက်မပြတ်

လေ့လာဆည်းပူးမှု မှတ်တမ်း

| | |
|---|---|
| အမည် | ➢ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ➢ |
| အဖအမည် | ➢ |
| တယ်လီဖုန်း နံပါတ် (ရုံး) | ➢ |
| တယ်လီဖုန်း နံပါတ် (အိမ်) | ➢ |
| ဖက်(စ) နံပါတ် | ➢ |
| အီးမေးလိပ်စာ | ➢ |
| နေရပ်လိပ်စာ | ➢ |
| | ➢ |
| | ➢ |
| | ➢ |
| ရုံးလိပ်စာ | ➢ |
| | ➢ |
| | ➢ |
| | ➢ |

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်းအကောင်အထည်ဖော်ရေးကော်မတီ
နေပြည်တော်

စာအမှတ်၊ မစက/ စီပီအီး/ ၂၃၉
ရက်စွဲ၊၂၀၀၈ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်

အကြောင်းအရာ။ ။ စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု Continuing Professional Education (CPE) ဆိုင်ရာရှင်းလင်းချက်စာတမ်းပါဖော်ပြချက်အချို့၏ အနက် အဓိပ္ပါယ် အပြည့်အစုံနှင့်အမှားပြင်ဆင်ခြင်း။

၁။ မြန်မာနိုင်ငံစာရင်းကောင်စီမှ CPE ဆိုင်ရာရှင်းလင်းချက်စာတမ်းကို ၂၀၀၈ခု၊ ဇူလိုင်လ (၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ၊ ယင်းရှင်းလင်းချက်စာတမ်းအပိုဒ်-၅ပါ CPE တိုင်းတာရာ၌ " အများလက်ခံကျင့်သုံးသည့်နည်းမှာ Output–based ဖြစ်ပြီး၊ သတ်မှတ်၊ တိုင်းတာကြီးကြပ်ရသည်မှာ လွယ်ကူပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီမှလည်း CPE ကို၊ Output – based ဖြင့်သာ တိုင်းတာပါမည်။ " ဟူသောဖော်ပြချက်တွင် Output–based အစား Input – based ဟု ပြင်ဆင်ပါကြောင်း အကြောင်းကြားပါသည်။

၂။ ထို့ပြင် ယင်းရှင်းလင်းချက်စာတမ်း၏ အပိုဒ် ၁၇ ပါ CPE ကင်းလွတ်ခွင့်ပြုခြင်းအနက် အဓိပ္ပါယ် အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အပိုဒ် - ၁၇ပါဖော်ပြချက်များ | အနက်အဓိပ္ပါယ်အပြည့်အစုံ |
|---|---|---|
| (က) | အငြိမ်းစား Retired | PA အဖြစ် အသက်မွေးဝမ်းကျောင်းအလုပ်ကို ရာသက်ပန် မလုပ်သူများ |
| (ခ) | လုပ်ငန်းခွင်နှင့်ယာယီကင်းကွာနေသူ Temporarily left the work place | PA အဖြစ်လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးထားသော်လည်း အသက်မွေးဝမ်းကျောင်း အလုပ်ကိုယာယီအခိုက်အတန့်မလုပ်သူများ |
| (ဂ) | Practicing CPA အဖြစ်၊ လုပ်ငန်းလိုင်စင်ကို သတ်တမ်းမတိုးတော့ဘဲ ရပ်ဆိုင်းနေသူ (Inactive status) | PAဖြစ်လုပ်ငန်းလိုင်စင်ကိုသက်တမ်းမတိုးတော့ဘဲ အသက်မွေးကျောင်းအလုပ်ကို ယာယီ အခိုက်အတန့်မလုပ်သူများ |

ခင်စန်းဦး
အတွင်းရေးမှူး

<u>လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး</u>

မိတ္တူကို -

- မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ
- စဉ်ဆက်မပြတ် လေ့လာဆည်းပူးခြင်း အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ
- မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
- အမိန့်ကြော်ငြာစာ စာတွဲ
- ကြော်ငြာသင်ပုန်း